KARENNI CIVIL SOCIETY NETWORK

Karenni Civil Society Network

P.O. Box - 100, Mae Hong Son, 58000, Thailand
Phone: 08 2196 2258, E-mail:kcsn2010@gmail.com

**ကရင်နီပြည်နယ်တွင် ဗိုလ်ချုပ်အောင်ဆန်းရုပ်တု တည်ဆောက်ခြင်းအပေါ်ကွန်ရက်မှာတဝ်မှ ကရင်နီလူ့အဖွဲ့အစည်းများ၏ သဘောထားထုတ်ပြန်ချက်**

နေ့စွဲ။ ဖေဖော်ဝါရီလ(၁)ရက်၊ ၂၀၁၉ ခုနှစ်

ကရင်နီပြည်သည် သမိုင်းအစဉ်အလာအရ သီးခြားလွတ်လပ်သော ပြည်တပြည်ဖြစ်သည်။ ၁၈၇၅ ခုနှစ် ဗမာဘုရင်ကိုယ်စားလှယ် ကင်းဝန်မင်းကြီးနှင့် အင်္ဂလိပ်အစိုးရကိုယ်စားလှယ် ဆာဒေါက်က လပ်ဖော့ဆက် (Sir Douglas Forsyth) တို့နှစ်ဦးနှစ်ဖက်သဘောတူ လက်မှတ်ရေးထိုးခဲ့ခြင်းအရ ကရင်နီနယ်များသည် ဗြိတိသျှအစိုးရအုပ်ချုပ်ရေးကာလတွင် သီးခြားလွပ်လပ်စွာရပ်တည်သော နယ်များဖြစ်ကြောင်း အသိအမှတ်ပြုခဲ့ကြသည်။

မည်သို့ဆိုစေကာမူ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိချိန်တွင် ကရင်နီပြည်ကို မြန်မာနိုင်ငံအစိပ်အပိုင်း တခုအဖြစ် ထည့်သွင်းခြင်းခံခဲ့ရပါသည်။ ဒီမိုကရေစီ၊ တန်းတူရေးနှင့် ကိုယ်ပိုင်အုပ်ချုပ်ရေးအတွက် ဗိုလ်ချုပ်အောင်ဆန်း၏ ကတိကဝတ်များကြောင့် တိုင်းရင်းသားလူမျိုးများသည် ပြည်ထောင်စုမြန်မာ နိုင်ငံဖွဲ့စည်းရန် အောင်ဆန်း၏ ကြားဖြတ်အစိုးရနှင့် ပူးပေါင်းပါဝင်ခဲ့ကြသည်။ ထိုစဉ်တွင် အောင် ဆန်းမှ အောက်ပါ ဂတိစကားများဖြစ်သော **"ကရင်နီနယ်ဟု ခေါ်ဆိုတဲ့နယ်များအပါအဝင် ကျွန်ုပ်တို့နိုင်ငံမှာ တိုင်းရင်းသားလူမျိုးစုများအားလုံး လွပ်လပ်မှုအပြည့်အဝအတွက် အတူတကွ ရပ်တည်ကြ ပါတယ်"** (အောင်ဆန်း၊ ဇန္နဝါရီလ ၁၄ ရက်၊ ၁၉၄၇ခုနှစ်၊ တိုင်းမ် လန်ဒန်မြို့)
**"ဗမာကတစ်ကျပ်ရရင်၊ ရှမ်းကလဲ တစ်ကျပ်ရရမယ်"** (ပင်လုံမှ အောင်ဆန်း၊ ဖေဖေါ်ဝါရီ၊ ၁၉၄၇ ခုနှစ်)

ကံမကောင်းစွာဖြင့် ဗိုလ်ချုပ်အောင်ဆန်းသည် လုပ်ကြံခြင်းခံခဲ့ရပြီး နောက်တက်လာသည့် စစ်အစိုးရ အဆက်ဆက်မှ မြန်မာနိုင်ငံကို တပြည်ထောင်အုပ်ချုပ်ရေးစနစ်ဖြင့် အုပ်ချုပ်ကာ တိုင်းရင်းသားများအား ပေးထားသည့် အောင်ဆန်း၏ ကတိကဝတ်များကို လစ်လျူရှုခဲ့ကြသည်။ တိုင်းရင်းသားလူမျိုးများ၏ ဒီမိုကရေစီ၊တန်းတူရေးနှင့် ကိုယ်ပိုင်အုပ်ချုပ်ရေး တောင်းဆိုမှု အခွင့်အရေးများအပေါ် အစိုးရမှ အသိအမှတ်ပြုခြင်း ပျက်ကွက်မှုကြောင့် တိုင်းရင်းသား ပြည်နယ်အသီးသီးတွင် လက်နက်ကိုင်လှုပ်ရှားမှုများ ဖြစ်ပေါ်စေခဲ့ပါသည်။ အပြစ်မဲ့ပြည်သူ အသက်မြောက်များစွာဆုံးရှုံးခဲ့ကြပြီး တစ်နိုင်ငံလုံးတွင် ပြည်တွင်းစစ်ကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့် ကြုံတွေ့ခဲ့ကြရသည်။ တိုင်းရင်းသား ခေါင်းဆောင်များသည် နိုင်ငံရေးတွေ့ဆုံဆွေးနွေးခြင်းမှ စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရန် ဆက်လက်တောင်းဆိုကြသည်။

ရှည်လျားသော ဒီမိုကရေစီလှုပ်ရှားမှု၏ အကျိုးရလဒ်ဖြင့် ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲအနိုင်ရပြီး NLD အစိုးရကို ဖွဲ့စည်းထူထောင်နိုင်ခဲ့ကြသည်။ NLD အစိုးရလက်အောက်ရှိ ကယားပြည်နယ်အစိုးရ သည် ဖေဖေါ်ဝါရီလ (၂)ရက်၊ ၂၀၁၈ ခုနှစ်တွင် ကရင်နီလူငယ်များ ဆန့်ကျင်ကန့်ကွက်သည့်ကြား ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်ကို စိုက်ထူတည်ဆောက်ရန် ၎င်းတို့အစီအစဉ်ကို စတင်ခဲ့ကြသည်။ ရုပ်တုထားရှိခြင်းထက် ဗိုလ်ချုပ်အောင်ဆန်းဂတိကဝတ်များကို အကောင်အထည်ဖေါ်ပေးရန် ကန့် ကွက်တောင်းဆိုကြသည့် လူငယ်များအား အစိုးရ၏တရားစွဲဆိုခြင်းကို ယနေ့အချိန်အထိ တရားရင် ဆိုင်နေကြရပါသည်။

ဇူလိုင် (၇)ရက်၊ ၂၀၁၈ ခုနှစ်၌ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်ဖေါင်းရှိသည် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် သ

တင်းမီဒီယာများရှေ့မှောက်တွင် ၎င်းအနေဖြင့် ဗိုလ်ချုပ်အောင်ဆန်းရုပ်တုကို ပြည်သူများဆန္ဒမပါဘဲ တည်ဆောက်မည်မဟုတ်ကြောင်းနှင့် ၎င်းကိစ္စအပေါ် ပြည်သူလူထုသဘောတူဆန္ဒကို ရယူရှာဖွေ သွားမည်ဖြစ်ကြောင်း ဂတိပေးခဲ့ပါသည်။

သို့သော် ပြည်သူလူထုဆန္ဒနှင့် သိရှိခွင့်မရှိဘဲ ဇန္နဝါရီလ (၂၉)ရက်၊၂၀၁၉ ခုနှစ်၊ မွန်းလွဲ ၂နာရီခွဲ အချိန်တွင် ကယားပြည်နယ်အစိုးရ၏ လုပ်ငန်းအကောင်အထည်ဖေါ်သည့်အဖွဲ့တဖွဲ့မှ ဗိုလ်ချုပ် အောင်ဆန်းရုပ်တုကို ကရင်နီပြည်နယ်၊ လွယ်ကော်မြို့သို့ လျို့ဝှက်စွာ သယ်ဆောင်လာခဲ့ကြသည်။

ကမ္ဘာတဝှမ်းရှိ ကရင်နီလူ့အဖွဲ့အစည်းများမှ ကယားပြည်နယ်ဝန်ကြီး၏ ကတိကဝတ်ပျက်ကွက်မှုနှင့် ကယားပြည်နယ်အစိုးရ၏ ကရင်နီပြည်သူလူထုဆန္ဒကို လေးစားမှုမပြုခြင်းနှင့် ဗိုလ်ချုပ်အောင်ဆန်း ၏ရုပ်တုကို ဒီမိုကရေစီကျင့်စဉ်နှင့် သွေဖီ၍ တည်ဆောက်ခြင်းအပေါ် ပြင်းထန်စွာ ကန့်ကွက် ရှုပ်ချပါသည်။ ကျနုပ်တို့သည် NLD အစိုးရနှင့် နိုင်ငံတော်အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်အား မြန်မာနိုင်ငံတွင် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်မည်ဟု၎င်းတို့ သံမိဋ္ဌါန်ချကြွေးကြော်လာခဲ့ ခြင်းကို ဆန့်ကျင်သည့် ဒီမိုကရေစီကျင့်စဉ်နှင့်သွေဖီသော ထိုလုပ်ရပ်များကို ရပ်တန့်ရန်တောင်းဆို လိုက်ပါသည်။

**Contacts:**

Khu Ko Reh (Thailand and Myanmar)
Email : kcsn2010@gmail.com
Phone: +66 82 196 2258

Richard Htay Reh (Australia)
Phone: +61402 850 973

Oo Reh (USA)
Phone: +1 832 526 2849

**Endorsed by:**

Members of Karenni Civil Society Network

– Karenni National Youth Organization (KNYO)
– Karenni National Women Organization (KNWO)
– Karenni Evergreen (KEG)
– Karenni Student Union (KSU)
– Karenni Legal and Human Rights Center (KnLHRC)
– Karenni Social Welfare and Development Centre (KSWDC)
– Karenni Refugee Committee (KnRC)
– Karenni Health Department (KnHD)
– Karenni Literacy and Culture Development Committee (KLCDC)
– Karenni Education Department (KnED)

Karenni Society Finland Ry(KnSF)
DEEKU International
Karenni-American Association (KnA)
New Zealand Karenni Society (NZKS)
Karenni Federation of Australia (KnFA)